စမီလင်း ဘီလီ ဘာတွန်ဟာ ကျွမ်းကျင်တဲ့ ကြေး စားယာဉ်မောင်းတစ်ဦးဖြစ်တယ်၊ သူဟာ ၁၉၂၆-၁၉၃၁ခုနှစ်တွေ အတွင်းက လက်တွေကိုလက်ထိပ်ခတ်ထားပြီး ခရီးဝေး ၂၆ ကြိမ် မောင်းပြခဲ့တယ်၊ စုစုပေါင်း ၂၉၁၅ နာရီကြာမြင့်ပြီး မိုင်ပေါင်း ၅၅၀၀၀ကျော် ရောက်ခဲ့တယ်၊ အခုအကြိမ်- နယူးယောက် ရှန်နက်တာဒီမှာ ၁၂၆ နာရီ ကြာမောင်းမယ့်ပွဲကိုတော့ ဒေသဆိုင်ရာ သတင်းတိုက်တစ်ခုက ကမကထပြုပြီး ကျင်းပပေးခဲ့တာ ဖြစ်ပါတယ်။ (၁၉၃၁ ခု စက်တင်ဘာ ၁၂ ရက်)

www.burmeseclassic.com

www.burmeseclassic.com



## MADAME DE MALDMEURE

Madame de Maldmeure gave brith to one child the first year, twins the second year, triplets the third year, quadruplets the fourth year, quintuplets the fifth year and sextuplets in the sixth: a total of 21 children in six years. She died as a result of her last confinement.



## မဒမ်ဒီ မော့လ်ဒ်မီးယား

မဒမ်ဒီ မော့လ်ဒ်မီယား ဟာ ပထမနှစ်မှာ ကလေးတစ်ယောက် မွေးဖွားခဲ့တယ်၊ ဒုတိယနှစ်မှာ နှစ်မြွှာပူး(နှစ်ယောက်) ကို မွေးဖွားခဲ့တယ်။ တတိယနှစ်မှာ သုံးမြွှားပူး(သုံးယောက်)ကို မွေးဖွားခဲ့တယ်၊ စတုတ္ထနှစ်မှာ လေးမြွှာပူး(လေးယောက်)မွေးဖွားခဲ့တယ်၊ ပဉ္စမနှစ်မှာ ငါးမြွှာပူး(ငါးယောက်) မွေးဖွားခဲ့တယ်။ ဆဋ္ဌမနှစ်မှာ ခြောက်မြွှာပူး(ခြောက်ယောက်) မွေးဖွားခဲ့တယ်၊ ခြောက်နှစ်အတွင်း စုစုပေါင်း ကလေး(၂၁)ယောက် မွေးဖွားခဲ့တယ်၊ သူ(မ)ဟာ အဲဒီအကျိုးဆက်ကြောင့် နောက်ဆုံးမီးဖွားတဲ့မီးတွင်းထဲမှာ ကွယ်လွန်အနိစ္စရောက်ခဲ့ပါတယ်။

www.burmeseclassic.com

www.burmeseclassic.com

## GLENN SUNDBY

On December 28, 1949, gymnast Glenn Sundby became the first person to ever walk down the 898 steps of the Washington monument on his hands.



## ဂလင်းဆန်းဘီ

ဝါရှင်တန် အထိမ်းအမှတ် အဆောက်အအုံရဲ့ လှေကားထစ် ၈၉၈ ထစ်ကို ၁၉၄၉ ခု ဒီဇင်ဘာလ ၂၈ ရက်က ကျွမ်းဘားသမား ဂလင်းဆန်းဘီက သူ့လက်တွေနဲ့ ထောက်ထောက်ပြီး (ဇောက်ထိုး) ဆင်းပြခဲ့ပါတယ်၊ သူဟာ အဲဒီလို ဆင်းနိုင်တဲ့ ပထမဦးဆုံးလူသား ဖြစ်ပါတယ်။

❖ ❖ ❖

www.burmeseclassic.com

www.burmeseclassic.com



## ANGLE CORSARO

For a higher purpose: **Angelo Corsaro** of Catania, Italy walked from Catania to the Vatican—a total of 558 miles—**on ten-foot-high stilts!** Upon his arrival, the pope granted him an audience! (February 13, 1958.)



## အဲန်ဂျလို ကော်စာရိုး

ပိုပြီးမြင့်မားချင်တဲ့ ရည်ရွယ်ချက်တစ်ခုအတွက်ပါပဲ။ အီတလီပြည် ကာတာနီးယားက **အဲန်ဂျလို ကော်စာရိုး** ဟာ ကာတားနီးယားမှ ဗာတီကန်ထိ- စုစုပေါင်း၅၅၈မိုင်ခရီးကို ဆယ်ပေမြင့်တဲ့ကုလားမ ခြေထောက်(ခြေတံရှည်တိုင်)နဲ့ လမ်းလျှောက်ပြီးလာခဲ့ပါတယ်။ သူ ရောက်ရှိသွားတဲ့အခါ ပုပ်ရဟန်းမင်းကြီးက သူ့ကို တွေ့ဆုံဂါရဝပြုခွင့်ပေးခဲ့ပါတယ်။

(၁၉၅၈ ခု ဖေဖော်ဝါရီလ ၁၃ ရက်)

www.burmeseclassic.com

www.burmeseclassic.com



## BILLY CRAWFORD

Four-year-old **Billy Crawford** leapt over the Municipal Building in Cleveland, Ohio, harnessed to a balloon just large enough to render him not-quite-lighter-than-air. He spent several hours leaping around the city.

(June 1, 1934.)



## ဘီလီကရောဖို့

အသက်လေးနှစ်သားအရွယ် **ဘီလီကရောဖို့**ဟာ မိုးပျံ ပူဖောင်းတစ်လုံးမှာ သိုင်းကြိုးနဲ့ဆိုင်းပြီး- အိုဟိုင်းယိုးပြည်နယ် ကလိဗ်လဲန်းမှာရှိတဲ့ မြူနီစီပယ် အဆောက်အအုံပေါ်ကနေ ခုန်ချ(ပြ)ခဲ့ပါတယ်၊ မိုးပျံပူဖောင်းကိုလည်း လုံးဝကြီးလေထက်ပေါ့ပါးမသွားရုံလောက် (အနေတော်) စီမံထားတာပါ။ သူဟာ အချိန်တော်တော်ကြာအောင် မြို့ကြီးပေါ်မှာ ခုန်လွှားဝဲပျံပြီး နေပြခဲ့ပါတယ်။

(၁၉၃၄ ခု ဇွန်လ ၁ ရက်)

www.burmeseclassic.com

www.burmeseclassic.com



## PIERRE DEFOUNRNEL

**Pierre Defournel** of Barjac, Vivarais was the father of three children, each born in a different century! The first boy was born in 1699, the second was born in 1738 and the third was born in 1801, each to a different wife. Defournel married his third wife when he was 120—she was 19. He died in 1809 at the robust old age of 129. The *Magasin Pittoresque* dated May 1877 has a reprint of original brith certificates of the three children.

## ပီယာရီ ဒီဖော်နယ်

ဗာရေးယပ်စ်-ဘာဂျက်မှ **ပီယာရီ ဒီဖော်နယ်** ဟာ မတူညီတဲ့ ရာစုနှစ်တစ်ခုစီမှာ မွေးဖွားတဲ့ သားသုံးယောက်ရဲ့ဖခင်ဖြစ်ပါတယ်။ ပထမဦးဆုံး သားယောက်ျားလေးကို ၁၆၉၉ ခုနှစ်မှာ မွေးဖွားခဲ့တယ်၊ ဒုတိယသားကို ၁၇၃၈ ခုနှစ်မှာ မွေးဖွားခဲ့တယ်၊ တတိယသားကို ၁၈၀၁ ခုနှစ်မှာ မွေးဖွားခဲ့တယ်၊ သီးခြားဇနီးတစ်ယောက်ဆီကနေ မွေးဖွားခဲ့တာပါ...၊ **ဒီဖော်နယ်** ဟာ သူ့ရဲ့တတိယဇနီးကို သူ့အသက် ၁၂၀မှာ လက်ထပ်ခဲ့ပါတယ်၊ (အဲဒီအချိန်မှာ) သူ(မ)ရဲ့ အသက်က (၁၉) နှစ်ပဲ ရှိပါသေးတယ်၊ သူဟာ ၁၈၀၉ခုနှစ်- လှုပ်နိုင်ရှားနိုင်တုန်း အသက်(၁၂၉)နှစ်မှာ ကွယ်လွန်ခဲ့ပါတယ်၊ ၁၈၇၇ ခု မေလရက်စွဲပါ- မဂ္ဂဇင်း ပစ်တာရက်စ်မှာ ကလေးသုံးယောက်ရဲ့ ထပ်ပုံနှိပ်ထားတဲ့ မွေးလက်မှတ်မူရင်းတွေ ရှိပါတယ်။

www.burmeseclassic.com

www.burmeseclassic.com



## ALEXANDRE PATTY

**Alexandre Patty** had a unique way of getting upstairs. (February 15, 1931.)

## အလက်ဇန္ဒြားပက်တီ

အလက်ဇန္ဒြားပက်တီကတော့ လှေကားထစ်တွေကို တစ်မူထူးခြားစွာတက်တဲ့ နည်းလမ်းတစ်ခုရှိပါသတဲ့။ (၁၉၃၁ ခု ဖေဖော်ဝါရီလ ၁၅ ရက်)



❖❖❖


## THE WORLD'S BIGGEST BROOM

13 feet wide and 40 feet high, was created by the Deshler Broom Factory in Deshler, Nebraska, to celebrate its 50th anniversary. The huge broom was later taken apart and made into 1,440 ordinary-sized brooms. (November 14, 1940)

www.burmeseclassic.com

www.burmeseclassic.com






## ကမ္ဘာ့အကြီးဆုံး တံမြက်စည်း

(၁၃)ပေကျယ်ပြီး ပေ(၄၀)မြင့်တဲ့ ကမ္ဘာ့အကြီးဆုံး တံမြက်စည်းကြီးကို **ဒက်ရှလာ** တံမြက်စည်းစက်ရုံက ဖန်တီးပြုလုပ်ခဲ့တာ ဖြစ်ပါတယ်။ **နီဘရာစကားရှိ ဒက်ရှလာ** မြို့ - တံမြက်စည်းစက်ရုံက သူ့ရဲ့နှစ် (၅၀) မြောက် ရွှေရတုသဘင်ကို ကျင်းပဖို့ဖန်တီးပြု လုပ်ခဲ့တာပါ။ နောက်ပိုင်းမှာ အဲဒီကြီးမားတဲ့တံမြက်စည်းကြီးကို တစ်စစီဖြုတ်ပြီး သာမန်ရိုးရိုးအရွယ်အစား တံမြက်စည်း အချောင်းပေါင်း ၁,၄၄၀ ပြုလုပ်ခဲ့ပါတယ်။

(နိုဝင်ဘာလ-၁၄ရက်-၁၉၄၀)

www.burmeseclassic.com

www.burmeseclassic.com



## HELMET GUN

A Helmet Gun invented by Albert Pratt of Vermont in 1916, was fired when the wearer blew into a mouthpiece.




## သံခမောက် သေနတ်

သံခမောက်သေနတ်ကို ဗားမောင့်မှ အဲလ်ဘတ် ပရက်ဆိုသူက ၁၉၁၆ခုနှစ်မှာ တီထွင်ခဲ့ပါတယ်။ သံခမောက်ကို ဝတ်ဆင်ထားသူက စကားပြောခွက်ထဲသို့ လေ မှုတ်သွင်းလိုက်တဲ့အခါ သေနတ်က (ကျည်ဆံထွက်) ပစ်ခတ် ပါတယ်။

***

## DO-IT-YOURSELF SURGERY:

When "Chief" Couzzingo of Oxford, Ohio broke a rib, he calmly fastened it back to his breastbone using an ice pick, a screwdriver, and two 1" screws. He used no anesthesia whatsoever. The surgery was successful. While the rib healed, he took the screws out daily to sterilize them. He was 70 years old at the time of his self-surgery.

(October 10, 1942)

www.burmeseclassic.com

www.burmeseclassic.com





## ဗိုဗိုကိုယ်ဗိုဗို ကိုယ်တိုင်ခွဲစိတ်ခြင်း

အိုဟိုင်းယိုး ပြည်နယ်၊ အောက်စ်ဖို့က ကော့ဇင်ဂို မျိုးနွယ်စုခေါင်းဆောင်အကြီးအကဲဟာ . . . နံရိုးတစ်ချောင်းကျိုးသွားတယ်။ (အဲဒီအခါမှာ) သူက စိတ်လှုပ်ရှားမှုမရှိ တည်တည်ငြိမ်ငြိမ်ပဲ. . . အဲဒီကျိုးသွားတဲ့နံရိုးကို. . . သူ့ရဲ့ရင်ညွန့်နဲ့ ပြန်တွဲလိုက်တယ်။ ရေခဲခွဲတဲ့ပေါက် ချွန်ငယ်သေးသေးလေးတစ်ခုရယ်. . . ဝက်အူလှည့်တစ် ခုရယ်. . . တစ်လက်မ ဝက်အူနှစ်ခုရယ်ကို အသုံးပြုပြီး ပြန်တွဲခဲ့တာဖြစ်တယ်၊ သူဟာ ဘာမေ့ဆေး၊ ထုံဆေးကိုမှမသုံးခဲ့ပါဘူး၊ ခွဲစိတ်ကုသမှုက အောင်မြင်ခဲ့ပါတယ်၊ နံရိုးက အနာပျောက်နေကျက်နေတုန်း (ကုသဆဲ)ကာလမှာ သူကဝက်အူတွေကို နေ့စဉ်ထုတ်ယူပြီး ပိုးသတ်တယ်၊ ကိုယ့်ကိုယ်ကို ခွဲစိတ်ကုသမှုပြုတဲ့အချိန်မှာ သူ့ရဲ့အသက်က နှစ် (၇၀)ရှိခဲ့ပြီ ဖြစ်ပါတယ်။

(အောက်တိုဘာလ ၁၀ရက်-၁၉၄၂ ခု )

www.burmeseclassic.com

www.burmeseclassic.com



## BOTTLE O' BONES

Clarence W.Pearson of Mt. Vernon, Illinois whittled the bones of this skeleton out of maple wood, then assembled them inside the bottle using tweezers, clamps, and wire. The project, which took 600 hours to complete, was displayed in Ripley's Odditorium at the New York World's Fair in 1939.



## အရိုးပုလင်း

ကလားရင့်စ် ဒဗလျူ ပီယာဆန်ဆိုတဲ့ အီလီနွိုက်စ် ပြည်နယ် မောင့်ဗာနွန်က ပုဂ္ဂိုလ်ကြီးဟာ ဒီအရိုးစု (အရိုးပဒေသာ)ကို (မေပယ်ပင်ကရတဲ့) မေပယ်သားနဲ့ ပြုလုပ်ခဲ့ပါတယ်၊ မေပယ်သားကို အရိုးလေးတွေ သဏ္ဍာန် ဖြစ်လာအောင်ဓားနဲ့ရွေပြီး ဖန်တီးပြုလုပ်တယ်၊ အဲဒီနောက် အဲဒီအရိုးလေးတွေကို ဇာဂနာ. . .၊ ညှပ်. . .၊ ဝိုင်ယာ ကြိုး. . . တွေ အသုံးပြုပြီး ပုလင်းထဲမှာတပ်ဆင်တယ်၊ အဲဒီလုပ်ငန်းပြီးဆုံးဖို့ အချိန်နာရီ (၆၀၀)ယူခဲ့ရတယ်၊ အဲဒီပုလင်းထဲက အရိုးစုကို ၁၉၃၉ ခုနှစ် နယူးယောက်မြို့ ရစ်ပလေရဲ့ ကမ္ဘာ့ပြပွဲခန်းမမှာ ပြသခဲ့ပါတယ်။

www.burmeseclassic.com



## "A+" FOR EFFORT!


6,300 matches balanced on a beer bottle, without any artificial support, by Jean Phipps, Carrie Welling, Dick Lightcap; and Dorothy Taylor of Pittsburgh, Pennsylvania.

(September 2, 1935)

## ကြိုးစားမှုအဆင့် ရလဒ်

ဘီယာပုလင်းတစ်ပုလင်းပေါ်မှာ ဟန်ချက်ညီအောင်တင်ထားတဲ့ မီးခြစ်ဆံ (၆၃၀၀) ဖြစ်ပါတယ်၊ အဲဒီမီးခြစ်ဆံ ၆၃၀၀ကို (ကပ်စရာ ကော်စတဲ့) ဖန်တီးထားတဲ့ အထောက်အကူတွေမပါဘဲ တင်ထားတာဖြစ်တယ်၊ ပဲန်ဆီဗေးနီးယားပြည်နယ် ပစ်စ်ဘတ်က ဂျင်းဖစ်ပ်စ်၊ ကာ ရီဝဲလင်း၊ ဒစ်က်လိုက်ကက်ပ် နဲ့ ဒေါ်ရိုသီတေလာ တို့က ပြုလုပ်ခဲ့တာ ဖြစ်ပါတယ်။

(၁၉၃၅ ခု စက်တင်ဘာလ ၂ ရက်)



www.burmeseclassic.com

www.burmeseclassic.com



## HEARING DEVICE

Edgar Sims of Sun City, Arizona, at the age of 82 invented a device to improve hearing-mouse-like ears.

## နားကြားကိရိယာ


အရီးဇိုးနားပြည်နယ်-ဆန်းမြို့ကြီးမှ အက်ဂါဆင်းမ်ဟာ (သူ့ရဲ့) နားအကြားအာရုံ ပိုမိုတိုးတက်ကောင်း မွန်ဖို့အတွက် ကြွက်နားရွက်နဲ့တူတဲ့ နားကြားကိရိယာတစ်မျိုးကို သူ့အသက်(၈၂)နှစ်အရွယ်မှာ တီထွင်ခဲ့ပါတယ်။



***

## PATENT 889, 928

Patent 889, 928, a patent for an alarm clock that sprays water on the face of a sleeping person was filed at the U.S. patent office in 1907!




www.burmeseclassic.com

www.burmeseclassic.com



## မူပိုင်ခွင့်အမှတ် ၈၈၉,၉၂၈

မူပိုင်ခွင့်အမှတ် ၈၈၉,၉၂၈ဟာ နှိုးဆက်နာရီ တစ်မျိုးအတွက် မူပိုင်ခွင့်ဖြစ်ပါတယ်။ (နှိုးရမယ့်အချိန် ရောက်လာရင်) အဲဒီနှိုးစက်နာရီက အိပ်နေသူတစ်ယောက်ရဲ့မျက်နှာပေါ်ကို ရေမှုန်ရေမွှားတွေ ပန်းထုတ်ပေးပါတယ်။ အဲဒီမူပိုင်ခွင့်ကို အမေရိကန်ပြည်ထောင်စု မူပိုင်ခွင့်မှတ်ပုံတင်ရုံးမှာ ၁၉၀၇ခုနှစ်က အမှတ်တွဲဖွင့်ဖိုင်တွဲခဲ့ပါတယ်။

***

## ROPE CLOCKS

Passage of time was noted in ancient times, at night when sundials could not function, by burning lengths of rope knotted at regular intervals.



## ကြိုးနာရီများ

ရှေးခေတ်ရှေးအခါက. . . ညဘက်တွေမှာ နေနာရီတွေအလုပ်မလုပ်တဲ့အခိုက်. . . အချိန်ကာလ ကုန်လွန်မှုကို ကြိုးနာရီတွေနဲ့ တေးမှတ်ကြပါတယ်။ ကြိုးရှည်ရှည်တစ်ချောင်းကို အကြားအလပ်ညီတဲ့ ကြိုးဆက်အထုံးလေးတွေထုံးထားပြီး မီးရှို့ထားခြင်းအားဖြင့် အချိန်ကာလကုန်လွန်ဖြတ်သန်းမှုကို တိုင်းတာကြပါ တယ်။

www.burmeseclassic.com

www.burmeseclassic.com



## AN IMPRESSIVE COLLECTION

Riepley's owns an impressive collection of silver, brass and jewel-trimmed Tibetan skull bowls. Ripley's president, Bob Masterson, keeps his business cards in one.



## အထူးတလည် အမှတ်တရဖြစ်စေသည့်စုဆောင်း သိမ်းဆည်းထားသော ပစ္စည်းတစ်ခု

ရစ်ပလေရဲ့(ပြတိုက်များ၊ လုပ်ငန်းများ ဦးဆောင်သည့်)အဖွဲ့ဟာ စိတ်ထဲမှာစွဲထင်ကျန်ရှိဖွယ်ကောင်းတဲ့ စုဆောင်းသိမ်းထားတဲ့ပစ္စည်းတွေကို ပိုင်ဆိုင်ပါတယ်။ ငွေ၊ ကြေးဝါနဲ့ ကျောက်မျက်ရတနာတွေ အနားကွပ်ထားတဲ့ တိဗက်ဦးခေါင်းခွံခွက်တွေဖြစ်ပါတယ်။ ရစ်ပလေရဲ့ (ပြတိုက် များ၊ လုပ်ငန်းများ ဦးဆောင်သည့်အဖွဲ့) ဥက္ကဋ္ဌ ဘော့ဘ်မာစတာဆန်ဟာ သူ့ရဲ့ လုပ်ငန်းလိပ်စာ ကတ်ပြားတွေကို အဲဒီလိုခွက်မျိုးတစ်ခွက်ထဲမှာ ထားပါတယ်။

***


www.burmeseclassic.com

www.burmeseclassic.com


## A SOUTH SEA ISLANDS CANNIBAL SKULL

Cannibals rarely ate the heads of their victims, but skulls were considered powerful talismans and prized trophies.

***



## တောင်ပင်လယ်ကျွန်းများမှ လူသားစားသူ ဦးခေါင်းခွံ

လူသားစွားသူတွေဟာ သူတို့ရဲ့သားကောင် (လူသား)တွေရဲ့ ဦးခေါင်းတွေကို စားခဲ့တယ် (မစားကြဘူး)။ (ဒါပေမဲ့ ဦးခေါင်းခွံတွေဟာ အစွမ်းအာနိသင်ထက်မြက်တဲ့အဆောင်တွေအဖြစ်ထင်မှတ် ယူဆကြတယ်)။ ပြီးတော့ အောင်ပွဲရအထိမ်းအမှတ်ပစ္စည်းအဖြစ် အထူးတလည် တန်ဖိုးထားကြပါတယ်။

***

www.burmeseclassic.com

www.burmeseclassic.com



## A CANNIBAL SKULL

A feather-decorated cannibal skull from the South Sea-Islands.



### လူသားစားသူ ဦးခေါင်းခွံ တစ်ခု

ငှက်မွေးငှက်တောင်တို့နဲ့ တန်ဆာဆင်ထားတဲ့ တောင်ပင်လယ်ကျွန်းစုတွေက လူသားစားသူဦးခေါင်းခွံ တစ်ခု။

***

## A PERUVIAN MOCHE INDIA SKULL

A Peruvian Moche Indian skull with parrot feathers inserted in the cranium, copper eyes and ponytail, on display in Ripley's Dallas museum. One of the oldest anthropological exhibits in Ripley's collection. (Circa 800 A.D.)

***

www.burmeseclassic.com

www.burmeseclassic.com




## ပီရူးဗီးယန်းမိုချီ အင်ဒီးယန်းလူမျိုးခေါင်းခွံတစ်ခု

ပီရူးဗီးယန်းမိုချီ အင်ဒီးယန်းလူမျိုး (မြောက်အမေရိက အလယ်ပိုင်း (သို့) တောင်အမေရိက တိုင်းရင်းသား) ဦးခေါင်းခွံတစ်ခုထဲကို ကြက်တူရွေးအတောင်တွေထိုးစိုက်ထားတယ်၊ ကြေးနီမျက်လုံးတွေ ထည့်ထားတယ်။ ပြီးတော့ ပါးစပ်ထဲမှာ မြင်းမြီးပုံစုချည် (ကျစ်)ထားတဲ့ ဆံပင်ကိုကိုက်ထားတယ်၊ အဲဒီဦးခေါင်းခွံကို ရစ်ပလေရဲ့ ဒါးလတ်စ်ပြတိုက်မှာ ပြသထားတယ်၊ ရစ်ပလေစုဆောင်းသိမ်းဆည်းထားတဲ့ ရှေးအကျဆုံး မနုဿဗေဒဆိုင်ရာပြတိုက် ပစ္စည်းများအနက်တစ်ခုဖြစ်ပါတယ်။

(၈၀၀ အေဒီခန့်)

***

www.burmeseclassic.com

www.burmeseclassic.com



# WIDOWS' WEEDS

Widows' Weeds in the Tirio Tribe of New Guinea, comprise an actual covering of weeds from head to toe.



## မုဆိုးမတို့၏ အလွမ်းသင်္ကေတ အဝတ်အစား

နယူးဂီနီမှ တိုင်ရိုင်ယိုမျိုးနွယ်စုက မုဆိုးမတွေဟာ ကွယ်လွန်သူခင်ပွန်းသည်ကို လွမ်းဆွတ်ပူဆွေးဝမ်းနည်းခြင်း အထိမ်းအမှတ်အဖြစ် အဝတ်အစားတစ်မျိုးကို ဝတ် ဆင်ကြပါတယ်။ သူတို့ရဲ့အလွမ်းသင်္ကေတဝတ်စုံမှာ တကယ့် ပေါင်းပင်(မြက်ပင်)တွေ ပါဝင်တယ်။ အဲဒီပေါင်းပင်တွေကို ခြေဆုံးခေါင်းဆုံး လွှမ်းခြုံဝတ်ဆင်ကြတာဖြစ်ပါတယ်။

***

www.burmeseclassic.com

www.burmeseclassic.com



**A PERUVIAN MOCHE INDIAN HEAD**

A Peruvian Moche Indian head with skin still intact. The man's testicles hang from a string fed through a hole bored in his skull. (Circa 1000 A.D.)

**ပီရူးဗီးယန်းမိုချီ အင်ဒီးယန်း ဦးခေါင်းတစ်ခု**

မြောက်အမေရိကအလယ်ပိုင်းနဲ့ တောင်အမေရိကတိုင်းရင်းသား ပီရူးဗီးယန်းမိုချီ အင်ဒီယန်းဦးခေါင်းတစ်ခုမှာ အခုထိ အရေပြားက ပကတိအတိုင်း တွဲလျက်တည်ရှိနေပါတယ်။ ဦးခေါင်းခွံအပေါက်တစ်ခုကနေ ကြိုးတစ်ချောင်းဆွဲထားတယ်၊ အဲဒီကြိုးမှာ အဲဒီလူရဲ့ ဝှေးစေ့ကို ချိတ်ဆွဲထားတယ်။

***

www.burmeseclassic.com

www.burmeseclassic.com



## THE DANCING CORPSES

A wealthy native of the Kapsiki Tribe-Africa is prepared after death for the gay life. A person of standing is expected to lead in the next world by hoisting the corpse on the shoulders of the village blacksmith and giving it a dancing lesson that lasts for hours!




## ယိမ်းနွဲ့ကခုန်နေကြသော အလောင်းကောင်များ

အာဖရိကတိုက် ကြွယ်ဝချမ်းသာတဲ့ တိုင်းရင်းသား ကက်ပ်စီကီ မျိုးနွယ်စုဟာ သေဆုံးပြီးနောက် (နောင်ဘဝ မှာ) ပျော်ရွှင်ချမ်းမြေ့တဲ့ဘဝကို ရရှိစေဖို့ ကြိုတင်အသင့် ပြင်ဆင်မှု ပြုလုပ်(လေ့)ရှိတယ်။ အသုဘ ရုပ်အလောင်းကို ရပ်ရွာပန်းပဲဆရာရဲ့ပခုံးတွေပေါ်မှာ ပင့်တင်ပြီး နာရီပေါင်းများစွာကြာတဲ့ အကသင်ခန်းစာ (တွေ) ပေး(လေ့)ရှိတယ်။ အဲဒီလိုလုပ်ခြင်းအားဖြင့် လူတစ်ယောက်ရဲ့အဆင့်အတန်းဟာ နောင်ဘဝမှာအဆူအပင် ကင်းပြီး ပျော်ရွှင်ချမ်းမြေ့မယ်လို့ မျှော်လင့်ယုံကြည်ကြတယ်။

www.burmeseclassic.com

www.burmeseclassic.com



## THE DEAD OF SHAMANS

The Tlingit Tribe of Alaska cremated all their dead except shamans, whom they believed would not burn. Shamans were embalmed and placed in primitive shelters, along with a slave sacrificed to serve them in the afterlife. (Submitted by Emery F. Tobin of Vancouver, Washington.)



## နတ်ဆရာတို့၏ ရုပ်အလောင်းများ

အလပ်စကာက တလင်းဂစ်မျိုးနွယ်စုတွေဟာ သူ တို့မျိုးနွယ်စုရဲ့ သေဆုံးသူအားလုံး (နတ်ဆရာများမှ တစ် ပါး)ကို မီးသင်္ဂြိုဟ်ကြပါတယ်၊ နတ်ဆရာတွေကိုတော့ မီးက လောင်ကျွမ်းမှာမဟုတ်ဘူးလို့ သူတို့က ယုံကြည်ကြ တယ်။ နတ်ဆရာတွေရဲ့ ရုပ်အလောင်းတွေကို မပုပ်မသိုး အောင်ဆေးစီရင်ပြီး ရှေးရှေးကာလကတည်းက (နတ် ဆရာရုပ်အလောင်း) ထားတဲ့နေရာတွေသို့ ပို့ပြီးထားရှိကြ တယ်။ (သူတို့သေတဲ့အခါ၊ သူတို့နဲ့အတူ) နောင်တမလွန် ဘဝမှာ သူတို့ကို အလုပ်အကျွေးပြုဖို့အတွက် ကျေးကျွန် တစ်ယောက်ကလည်း ကိုယ့်အသက်ကို စွန့်လွှတ်ယဇ်ပူ ဇော်ရတယ်။ (ဝါ ရှင်တန်ဗန်ကူးဗားမှ အင်မာရီအက်ဖ် တိုဘင် တင်ပြသည်)

၁၀၀၀ အေဒီ(ခန့်)

www.burmeseclassic.com

www.burmeseclassic.com




## THE CREW OF THE FRENCH TRAWLER

THE **CREW** OF THE FRENCH TRAWLER "SAINT-PIERRE-ĖGLISE" **HAD TO BE RESCUED TWICE IN 4 DAYS** (Waxham, England, Feb.1955).

## ပြင်သစ်သင်္ဘောသားများ

ဆွဲပိုက်ချတဲ့ပြင်သစ်သင်္ဘော စိန့်ပီယာရီအဲဂလိုက်စ်ရဲ့ သင်္ဘောသားတွေကို လေးရက်အတွင်း နှစ်ကြိမ် ကယ်တင်ခဲ့ရပါတယ်။ (ဝက်စ်ဟမ်-အင်္ဂလန်-၁၉၅၅ခု ဖေဖော်ဝါရီလ)



* * *


www.burmeseclassic.com

www.burmeseclassic.com



## MOHAMMED SOKOLLI
## (1503-1579)

**MOHAMMED SOKOLLI** (1503-1579) GRAND VIZIER of Moslem Turkey, HAD A BROTHER MAKARIYE, WHO WAS **HEAD OF THE SERBIAN ORTHODOX CHRISTIAN CHURCH.**



MOHAMMED SOKOLLI

## မိုဟာမက်စကိုလီ
## (၁၅၀၃ - ၁၅၇၉)

မိုဟာမက်စကိုလီ ဟာ မွတ်စလင်ဘာသာဝင် (၁၅၀၃-၁၅၇၉) - တူရကီ နိုင်ငံရဲ့ အရေးပါအရာရောက်ဆုံး အမတ်ချုပ်ကြီးဖြစ်တယ်၊ သူ့မှာ မကာရိုင်းဆိုတဲ့ ညီအစ်ကိုအရင်း တစ်ယောက်ရှိတယ်၊ သူက ဆားဘီးယားနိုင်ငံ ခရေ့ရှိုးခရစ်ယာန် အသင်းတော်ဆိုင်ရာ ဘုရားရှိခိုးကျောင်းရဲ့ အကြီးအကဲ ခေါင်းဆောင်ဖြစ်တယ်။

***

www.burmeseclassic.com

www.burmeseclassic.com



## YORUBA TRIBESMEN

YORUBA **TRIBESMEN** OF EDE, NIGERIA, DURING THE HARVEST FESTIVAL PIERCE THEIR TONGUES WITH IRON RODS - **YET THEY NEVER DRAW BLOOD AND EXPERIENCE NO PAIN.**



## ယိုရှဘာ မျိုးနွယ်စုဝင်များ

နိုက်ဂျီးရီးယားနိုင်ငံ အီဒီးမှ ယိုရှဘာမျိုးနွယ်စုဝင်တွေဟာ ကောက်ရိတ်သိမ်းပွဲတော်ကာလအတွင်း သူတို့ရဲ့လျှာတွေကို သံချောင်းတွေနဲ့ ထိုးဖောက်ကြပါတယ်။ ဒါပေမဲ့ သူတို့တွေမှာ ဘယ်တော့မှသွေးမထွက်ဘူး၊ ပြီးတော့ ထိ ခိုက်နာကျင်မှုကိုလည်း မခံစားကြရပါဘူး။

***

www.burmeseclassic.com

www.burmeseclassic.com



## A TIBETAN WOMAN

**A TIBETAN WOMAN** CARRIES ALL HER WEALTH IN JEWELS AND COINS SEWN INTO HER TSHUKTI **-3 STRIPS OF HEAVY CLOTH WHICH DANGLE DOWN HER BACK FROM HER BRAIDS TO HER HEELS.** A PROSPECTIVE SUITOR CAN ESTIMATE HER DOWRY AT A GLANCE.




## တိဘက်အမျိုးသမီး

တိဘက်အမျိုးသမီးတစ်ယောက်ဟာ သူ(မ) ပိုင်ဆိုင်တဲ့ စည်းစိမ်ချမ်းသာအားလုံးကို (သူ(မ)နဲ့အတူ) သယ်ဆောင်(သွားလေ့ရှိ)ပါတယ်၊ ကျောက်မျက်ရတနာတွေနဲ့ဒင်္ဂါးတွေကို သူ(မ)ရဲ့ဝတ်စုံရှုကတိ ထူထပ်လေးလံပြီး ရှည်ရှည်သွယ်သွယ် အမြှောင်းသုံးမြှောင်းပါတဲ့ ပိတ်စထဲမှာ ထည့်ချုပ်တယ်၊ အဲဒီအစတွေက သူ(မ)ရဲ့ နောက်ကျော ဘက်မှာ ဆံပင်ကျစ်ဆံမြီးကနေ. . . သူ(မ)ရဲ့ ဖနောင့်ကို ရောက်တဲ့အထိ တွဲလောင်းချထားတယ်။ သူ(မ)ကို ချစ်ရေး ဆိုမယ့်သူ(ခင်ပွန်းလောင်း)အနေနဲ့ - တစ်ချက်တလေး ဖျက်ခနဲကြည့်ရုံမျှနှင့် - သူ(မ)ရဲ့ သတို့သားဘက်သို့ပေးအပ်မယ့် အတွင်းပစ္စည်းကို ခန့်မှန်း

www.burmeseclassic.com



## THE BABE IN THE TREETOP

A CYCLONE THAT SWEPT THROUGH MARSHFIELD, MO., **LEFT AN INFANT GIRL SLEEPING PEACEFULLY IN THE BRANCHES OF A TALL ELM.** THE CHILD WAS NEVER IDENTIFIED AND LATER WAS ADOPTED BY A LOCAL FAMILY (APRIL 18,1880)



## သစ်ပင်ထိပ်ဖျားက ကလေးငယ်

ဆိုင်ကလုန်းမုန်တိုင်းတစ်ခုက မစ်ဆူရီပြည်နယ် မတ်ရှ်ဖီး မြို့ကလေးကို အရှိန်ပြင်းပြင်းနဲ့ တိုက်ခတ်တယ်။ (မုန်တိုင်းပြီးတဲ့အခါ) နို့စို့အရွယ်မိန်းကလေး. . . ကလေးငယ်တစ်ယောက်ဟာ မြင့်မားတဲ့ အဲမ်းပင်(အရွက်ကြီးပြီး ဆောင်းရာသီမှာ အရွက်ကြွေတတ်တဲ့ မြင့်မားသော သစ်ပင်)ကြီးတစ်ပင်ရဲ့ သစ်ကိုင်းတွေကြားမှာ ငြိမ်းငြိမ်းချမ်းချမ်း အိပ်စက်ရင်း တင်ကျန်ခဲ့တယ်။ ဒီကလေးဟာ မည်သူ မည်ဝါရဲ့သမီးဖြစ်ကြောင်း ဘယ်လိုမှစုံစမ်းဖော်ထုတ်လို့ မရပါဘူး၊ ဒါကြောင့် နောက်ပိုင်းမှာ ဒီကလေးကို ဒေသခံ (နယ်ခံ)မိသားစုတစ်စုကပဲ မွေးစား(ပြီးစောင့်ရှောက်)ထားပါတယ်။ (ဧပြီလ-၁၈-ရက်၊ ၁၈၈၀)

www.burmeseclassic.com

www.burmeseclassic.com




# THE OCTOBASSE

The octobasse a musical instrument invented in the 19th century resembles a violin in looks but is 10 feet high.

## ဆယ်ပေမြင့်သော တယော

အော်တိုဘေ့စ်ခေါ် တူရိယာပစ္စည်းတစ်မျိုးကို ၁၉ ရာစုနှစ်မှာ တီထွင်ခဲ့တယ်၊ ပုံပန်းသွင်ပြင်အားဖြင့် တယော တစ်လက်နဲ့ ဆင်တူပါတယ်၊ ဒါပေမဲ့ အမြင့်က ဆယ်ပေ ရှိပါတယ်။



www.burmeseclassic.com


# A SINGLE FINGERNAIL

A SINGLE FINGERNAIL of the statue of Liberty weighs 100 pounds.

## ပေါင်တစ်ရာလေးသော လက်သည်း

အမေရိကန်ပြည်ထောင်စု လွတ်လပ်ရေးအထိမ်းအမှတ် လီဘာတီရုပ်ထုကြီးရဲ့ လက်သည်းတစ်ခုတည်းတောင် ပေါင်တစ်ရာလေးပါတယ်။




***

www.burmeseclassic.com

www.burmeseclassic.com



## ROBERT L.RATTE'S

Robert L. Ratte's mini-violin is only 5 1/2 inches long, yet it can produce musical tones. In the 1930s, Ratte gave a live concert on his mini-violin in Ripley's Radio Show.



## ငါးလက်မခွဲအရှည်သာရှိသော တယောအသေးစားလေး

ရောဘတ်အယ်လ်ရက်တီရဲ့ တယောအသေးစားလေးဟာ ငါးလက်မခွဲအရှည်သာရှိပါတယ်၊ ဒါပေမဲ့ အဲဒီတယောလေးက ဂီတသံစဉ်တွေကို ထုတ်လွှင့်ပေးနိုင်တယ်၊ ၁၉၃၀ ပြည့်နှစ်ဝန်းကျင်တွေတုန်းက သူ့ရဲ့ တယောအသေးစားလေးကို ထိုးပြီး ရစ်ပလေရဲ့ ရေဒီယိုအသံလွှင့်ဌာန ပြပွဲတိုက်ရိုက်ထုတ်လွှင့်တဲ့ တေးဂီတဖျော်ဖြေပွဲတစ်ခုမှာ ရက်တီက ဖျော်ဖြေခဲ့ပါတယ်။

✲✲✲

www.burmeseclassic.com

www.burmeseclassic.com


## A WATER CLOCK-3400 YEARS AGO

A **WATER CLOCK** CONSISTING OF AN ALABASTER POT WITH A HOLE IN ITS BASE USED TO TELL TIME IN THE TEMPLE OF KARNAK, EGYPT, **3,400 YEARS AGO.**



## လွန်ခဲ့သည့်နှစ်ပေါင်း ၃၄၀၀ က ရေနာရီ

လွန်ခဲ့တဲ့နှစ်ပေါင်း ၃၄၀၀ က အီဂျစ်ပြည် ကာနက်ဘုရားကျောင်းမှာ အချိန်ကိုသိအောင် အသုံးပြုတဲ့ ရေနာရီတစ်လုံးကို သလင်းကျောက်-ကျောက်ဖြူနုအိုး တစ်လုံးနဲ့ လုပ်ထားပြီး၊ အိုးရဲ့အောက်ခြေမှာ အပေါက်ကလေးတစ်ခု ရှိပါတယ်။

* * *

## THE FIGHTING MEN WHO WERE CARRIED TO SAFETY BY THEIR WIVES!

King Konrad III having captured the besieged town of Weinsberg, Germany declared its women could depart unharmed with anything they could carry! The women left the town carrying their husbands.

Dec. 21, 1140

www.burmeseclassic.com

www.burmeseclassic.com





## ဘေးအန္တရာယ်ကင်းရှင်းရာသို့ ဇနီးသည်များ၏ သယ်ဆောင်ခေါ်ယူခြင်းခံခဲ့ရသော တိုက်ပွဲဝင်စစ်သည်တော်များ

တတိယမြောက် ကွန်ရက်ဘုရင်ကြီးဟာ ဂျာမနီ နိုင်ငံ ဝိုင်းစဘတ်မြို့ကို စစ်တပ်နဲ့ဝိုင်းထားတယ်၊ ၁၁၄၀ ပြည့်နှစ် ဒီဇင်ဘာလ ၂၁ ရက်နေ့မှာ အဲဒီဝိုင်းထားတဲ့မြို့ ကို တိုက်ခိုက်သိမ်းပိုက်နိုင်ခဲ့တယ်၊ အဲဒီလို သိမ်းပိုက်ပြီး တဲ့အခါ ဘုရင်ကြီးက “ မြို့တွင်းရှိ အမျိုးသမီးများ ဘေးရန်ကင်းရှင်းစွာဖြင့် မြို့တွင်းမှ ထွက်ခွာ သွားနိုင်သည်၊ ထိုသို့ထွက်ခွာရာတွင် မိမိသယ်ဆောင် နိုင်သော မည်သည့်အရာကိုမဆို သယ်ဆောင်သွားနိုင်သည်. . . ”လို့ အမိန့်တော် မြွက်ချမှတ်ပြီးတရားဝင်ကြေညာတယ်၊ အမျိုးသမီးတွေက သူတို့ရဲ့လင်ယောကျ်ား တွေကိုသယ်ဆောင်ပြီး မြို့ထဲမှ ထွက်ခွာသွားကြပါတယ်။

ဒီဇင်ဘာ ၂၁ရက် ၁၁၄၀

www.burmeseclassic.com

www.burmeseclassic.com



## THE WORLD'S LARGEST BASS FIDDLE

The world's largest bass fiddle, built by Arthur K. Ferris of Ironia, New Jersey, stood 14 feet high, 6 feet wide, and 2 feet deep. Its soundbox alone stood a towering 7 feet. (December 15, 1934.)

## ကမ္ဘာ့အကြီးဆုံးတယော

နယူးဂျာစီပြည်နယ် အရိုနီးယားမှ အာသာကေဖားရစ်စ် ပြုလုပ်တဲ့ ကမ္ဘာ့အကြီးဆုံးတယောဟာ အမြင့် (၁၄)ပေ၊ အကျယ် (၆)ပေ၊ အနက် (၂)ပေ ရှိတယ်၊ အသံအိုး (ဆောင်းဘောက်) တစ်ခုတည်းတင် (၇)ပေ ရှိပါတယ်။ (ဒီဇင်ဘာ ၁၅၊ ၁၉၃၄)



* * *

www.burmeseclassic.com

www.burmeseclassic.com



## BIG BIRTHA!

The Holy Cannon of Batavia, Java to which Javanese women pray for babies. They come from all parts of the Island to worship- Bringing gifts of Incense and Flowers.

***



***

## သိဒ္ဓိတင်ထားသော အမြောက်

ဂျာဗားကျွန်း ဗတားဗီးယားရှိ သိဒ္ဓိတင်ထားတဲ့ အမြောက်ကြီးဆီကို- ဂျာဗားကျွန်းသူအမျိုးသမီးတွေ သားဆုပန်ဖို့လာကြတယ်။ ကျွန်းရဲ့နေရာဒေသအသီးသီးက အမျိုးသမီးတွေဟာ (ဒီအမြောက်ကြီးကို) ဝတ်ပြုဆုတောင်းဖို့အတွက် လှူဖွယ်ဝတ္ထု-အမွှေးနံ့သာတွေ ပန်းမာလာတွေကို ယူဆောင်ပြီးလာကြတာဖြစ်ပါတယ်။

***

www.burmeseclassic.com

www.burmeseclassic.com


## GALLOWS STATUE

The Statue of Emperor Marcus Aurelius in Rome, Italy, was used in the middle ages as a gallows-- criminals were hanged by a rope looped around the horse's head.

## ရုပ်တုကြိုးစင်

အီတလီနိုင်ငံ ရောမမြို့ရှိ ဧကရာဇ်ဘုရင် မားကပ်စ်အော် ရဲယ်လီးယပ်စ်ရဲ့ ရုပ်တုကြီးကို အလယ်ခေတ် (အေဒီ ၁၁၀၀မှ အေဒီ ၁၄၀၀ ခန့်အတွင်း)က ကြိုးစင်တစ်ခုအဖြစ် အသုံးပြုခဲ့ကြပါတယ်။ ကြိုး တစ်ချောင်းကို မြင်းရဲ့ခေါင်းမှာ ရစ်ပတ်ချည်နှောင်ပြီး ပြစ်မှုကျူးလွန်သူရာဇဝတ်သားတွေကို ကြိုးပေးသတ်တာ ဖြစ်ပါတယ်။




***

www.burmeseclassic.com

www.burmeseclassic.com


## A COLT BORN WITH NO FRONT LEGS

A colt born with no front legs whatsoever, on Jeff Drake's farm in Sedalia, Montana. The colt could walk upright when held, and could take about a dozen steps alone.

(August 2, 1940.)



## ရှေ့ခြေထောက်များမပါဘဲ မွေးလာသော မြင်းထီးလေး

မွန်တားနားပြည်နယ် ဆီဒါးလီးယားမှာရှိတဲ့ ဂျက်ဖ်ဒရိတ်ရဲ့ စိုက်ပျိုးမွေးမြူရေးခြံမှာ၊ ရှေ့ခြေထောက်တွေမပါတဲ့ မြင်းထီးလေးတစ်ကောင်ကို မွေးဖွားခဲ့ပါတယ်၊ သူ့ကို ကိုင်ပေးထားမယ်ဆိုရင်. . . အဲဒီမြင်းထီးလေးဟာ လမ်းကို မတ်မတ်လျှောက်နိုင်တယ်၊ သူ့ဟာသူတစ်ကောင်တည်း လွှတ်ပေးလိုက်မယ်ဆိုရင်တော့ခြေလှမ်း (၁၂) လှမ်းလောက် လျှောက်နိုင်တယ်။ ဩဂုတ် ၂၊ ၁၉၄၀။

www.burmeseclassic.com

www.burmeseclassic.com



## A CHARIOT DRAWN BY A LEOPARD AND A LION

Princess Radziwill of Poland at a meeting of the skating club in Rome, Italy, in 1910 - drove a Roman chariot drawn by a leopard and a lion.




## ကျားသစ်တစ်ကောင်နှင့် ခြင်္သေ့တစ်ကောင်ဆွဲသော စစ်ရထား

၁၉၁၀ ခုနှစ် အီတလီပြည် ရောမမြို့မှာ၊ ပိုလန်မင်းသမီး ရက်ဒ်ဇီဝေးလ်ဟာ ပြိုင်ပွဲကျင်းပရန် စုဝေးတွေ့ဆုံဖို့ စကိတ်အားကစား ကလပ်ကိုအသွား- ကျားသစ်တစ်ကောင်နဲ့ ခြင်္သေ့တစ်ကောင်ဆွဲ(ရှေး) နှစ်ဘီးတပ် ရောမစစ်ရထားကို မောင်းနှင်သွားရောက်ခဲ့ပါတယ်။

***

www.burmeseclassic.com

www.burmeseclassic.com



## COURT-MARTIALLED HORSE

In 1800, Russia's Czar Paul I ordered a horse formally court-martialed, and beaten for having reared beneath him in a parade!

## စစ်ခုံရုံး အတင်ခံရသော မြင်း

၁၈၀၀ ပြည့်နှစ်က ရုရှားပြည်၊ ဇာဘုရင် ပထမ ပေါလ်ဟာ မြင်းတစ်ကောင်ကို တရားဝင်နည်းလမ်းတကျ စစ်ခုံရုံးတင်ပြီး ရိုက်နှက်ဖို့ အမိန့်ချမှတ်ခဲ့တယ်။ စီတန်းလှည့်လည်တဲ့ အခမ်းအနားတစ်ခုမှာ- (အဲဒီမြင်းကို သူစီးနင်းနေတုန်း) အဲဒီမြင်းက၊ သူ့အောက်ကနေပြီး ပတ်ပ်ရပ်လိုက်လို့ ဖြစ်ပါတယ်။



***

www.burmeseclassic.com

www.burmeseclassic.com



## THE MAN WHO BURNED HIS TONGUE WITH A RED-HOT IRON 95,000 TIMES!

Bairagi Gyuri of Badrinath, India, said his prayers 5 times a day for nearly 52 years, and each time plunged his iron staff into a fire and licked its hot tip with his tongue! Gyuri was cremated at his death at the age of 62 in a purple shroud which he had worn throughout his lifetime.



## နီရဲနေအောင် မီးဆုတ်ထားသော သံချောင်းဖြင့် မိမိလျှာကို အကြိမ် ၉၅,၀၀၀ လျက်ခဲ့သူ

အိန္ဒိယပြည် ဘာဒရင်နတ်မှ ဗီရာဂျီ ဂျူရီဟာ တစ်နေ့ကို (၅)ကြိမ် ဘုရားရှိခိုးပါတယ်၊နှစ်ပေါင်း ၅၂နှစ်နီးပါးကြာအောင် ဝတ်ပြုရှိခိုးခဲ့တာပါ။ သူ ဘုရားတစ်ကြိမ်ရှိခိုးတိုင်း- သူရဲ့ သံတောင်ဝှေးကြီးကို မီးဖိုထဲထည့်ပြီး မီးဖုတ်တယ်၊ သံချောင်းက ရဲရဲနီလာတော့မှ အဖျားကို သူ့လျှာနဲ့လျက်တယ်၊ သူ့အသက် ၆၂နှစ်- သူကွယ်လွန်တဲ့အခါ သူ့ဘဝတစ်သက်တာလုံး ဝတ်ဆင်ခဲ့တဲ့ ခရမ်းရောင်ခြုံထည်နဲ့ရစ်ပတ်ပြီး သူ့ကိုမီးသဂြိုဟ်ခဲ့ပါတယ်။

www.burmeseclassic.com

www.burmeseclassic.com



## 7 FOOT, 8 ½ INCH CIGAR

Francisco Calabaga of Tampa, Florida rolled this 7 foot, 8 1/2 inch cigar in honor of the 50th anniversary of the Tobacco Industry in Ybor City, Tampa, Florida's Cuban district. Calabaga's cigar weighed 22 pounds 2 ounces, took 96 hours to roll, and was valued at $ 350. 00 in 1935.

(February 21, 1935.)



## (၇)ပေ (၈)လက်မခွဲရှည်သော ဆေးပြင်းလိပ်

ဖလော်ရီဒါပြည်နယ် တမ်ပါမှ ဖရမ်စစ်စကို ကာလာဗာဂါဟာ ဖလော်ရီဒါပြည်နယ်- ကျူးဘန်းခရိုင် တမ်ပါ-ဝိုင်ဘာစီးတီးရှိ ဆေးရွက်ကြီးစက်မှုလုပ်ငန်း နှစ် (၅၀)ပြည့် နှစ်ပတ်လည်နေ့ကို ဂုဏ်ပြုသောအားဖြင့် (၇)ပေနဲ့ (၈)လက်မခွဲရှည်တဲ့ ဒီဆေးပြင်းလိပ်ကို လိပ်ခဲ့တာဖြစ်ပါတယ်၊ ကာလာဗာဂါရဲ့ ဆေးပြင်းလိပ်ဟာ ၂၂ပေါင် ၂ အောင်စလေးတယ်။ ဆေးပြင်းလိပ်ဖြစ်အောင်လိပ်ဖို့ ၉၆နာရီ အချိန်ယူခဲ့ရတယ်၊ အဲဒီဆေးပြင်းလိပ်ကို ဒေါ်လာ (၃၅၀)တန်တယ်လို့ ၁၉၃၅ ခုနှစ်မှာ တန်ဖိုးဖြတ်ခဲ့ကြပါတယ်။ ဖေဖေါ်ဝါရီ ၂၁၊ ၁၉၃၅

www.burmeseclassic.com

www.burmeseclassic.com



## THE PORTRAIT THAT DIED WITH NERO!

A mammoth painting of Nero 120 feet high - in the gardens of Maius in Rome was destroyed by a bolt of lightning on the very day Nero took his own life in a villa 4 miles away.



THE PORTRAIT THAT DIED WITH NERO! 4-X

## နီရိုးဘုရင်နှင့်အတူ ပျောက်ကွယ်သွားသော ပုံတူပန်းချီကားချပ်ကြီး

၁၂၀ပေ မြင့်တဲ့ နီရိုးဘုရင်ရဲ့ ရောမပုံတူပန်းချီကားကြီးတစ်ချပ်ဟာ ရောမက မိုင်းယပ်စ်ဥယျာဉ်ထဲမှာ ရှိခဲ့ပါတယ်။ အဲဒီပန်းချီကားချပ်ကြီးနဲ့ (၄)မိုင်အကွာမှာ ရှိတဲ့ ဥယျာဉ်ဗိမာန်ကြီးတစ်ခုမှာ နီရိုးဘုရင် အသက်ဇီဝိန်ချုပ်သွားတဲ့ အဲဒီနေ့မှာပဲ. . . အဲဒီပန်းချီကားချပ်ကြီးဟာ မိုးကြိုးပစ်ခံရပြီး ပျက်စီးသွားပါတော့တယ်။

www.burmeseclassic.com

www.burmeseclassic.com



## EMPEROR THEOPHIL
## (829- 842)

**EMPEROR THEOPHIL** (829-842) OF BYZANTIUM SADDENED BY NEWS THAT HIS NATIVE TOWN OF AMORIUM, IN ASIA MINOR, HAD BEEN SACKED BY THE ARABS **NEVER AGAIN TOOK ANY NOURISHMENT EXCEPT WATER OBTAINED FROM MELTED SNOW.**




## ဧကရာဇ်ဘုရင် သီအိုဖီး
## (၈၂၉-၈၄၂)

**ဘိုင်ဇန်တီယန်က** ဧကရာဇ်ဘုရင် သီအိုဖီး(၈၂၉ - ၈၄၂) ဟာ အရှမိုင်းနားရှိ သူ့ရဲ့ဇာတိ အာမိုရီယန်မြို့ကို အာရပ်တွေက တိုက်ခိုက်သိမ်းပိုက်ပြီး လုယူဖျက်ဆီးလိုက်ပြီဆိုတဲ့ သတင်းကိုကြားရတဲ့အတွက် ကြေကွဲဝမ်းနည်း စိတ်မချမ်းမြေ့ဖြစ်ခဲ့ရတယ်၊ အဲဒီသတင်းကြားပြီး ကတည်းက နှင်းခဲအရည်ပျော်ရာမှရတဲ့ ရေကလွဲပြီး အစာအာဟာ ရတွေကို ဘယ်တော့မှထပ်မံစားသောက်မှု မပြုတော့ပါဘူး။

www.burmeseclassic.com

www.burmeseclassic.com



## QUEEN CLEOPATRA VI

**QUEEN CLEOPATRA VI MARRIED 3 SUCCESSIVE KINGS OF SYRIA** 150 B.C TO 128 B.C.

### ဆဋ္ဌမမြောက် ကလီယိုပတ်ထရာဘုရင်မ

ဆီးရီးယားနိုင်ငံ. . . ဆဋ္ဌမမြောက် ကလီယိုပတ်ထရာ ဘုရင်မဟာ ဘီစီ ၁၅၀ မှ ဘီစီ ၁၂၈ ထိ၊ ဆီးရီးယား ဘုရင်(၃)ပါးနဲ့ အစဉ်အဆက်(ဆက်တိုက်) လက်ထပ်ခဲ့ပါတယ်။ (ဘုရင်(၃)ပါးက တစ်ဆက်ပြီးတစ်ဆက် . . . ကြင်ရာတော်အဖြစ်(ဆက်လက်) တင်မြှောက်ခြင်းခံခဲ့ရတယ်။)




***


## TEMPLE THAT HONORS A COW

THE TEMPLE THAT HONORS A COW SHIMODA, JAPAN TOGYUBOKU-KUYO-TO (THE TEMPLE OF THE BUTCHERED COW) WAS BUILT IN 1856 TO HONOR THE MEMORY OF THE FIRST COW SLAUGHTERED IN JAPAN THE COW WAS KILLED TO PROVIDE BEEF FOR TOWNSEND HARRIS, FIRST U.S. CONSUL GENERAL IN JAPAN - AND REPRESENTED THE FIRST JAPANESE VIOLATION OF THE BUDDHIST TENET PROHIBITING THE EATING OF MEAT-

www.burmeseclassic.com

www.burmeseclassic.com

# THE TEMPLE THAT HONORS A COW



## နွားမတစ်ကောင်ကို ဂုဏ်ပြုတည်ဆောက်ထားသော ဘုရားကျောင်း

ဂျပန်နိုင်ငံ ရှိမိုဒါမြို့ တိုဂျိုဘိုကူ-ကူယို-တို (အသတ်ခံနွားမဘုရားကျောင်းလို့ အဓိပ္ပါယ်ရတဲ့) ဘုရားကျောင်းကို ၁၈၅၆ခုနှစ် က တည်ဆောက်ခဲ့ပါတယ်၊ ဂျပန်ပြည်မှာ ဟင်းလျာအလို့ငှာ သတ်ဖြတ်ခံရတဲ့ ပထမဦးဆုံးနွားမကိုအောက် မေ့သတိရဂုဏ်ပြုတဲ့အနေနဲ့ တည်ဆောက်ခဲ့တာဖြစ်ပါတယ်။ ဂျပန်ပြည်သို့ ပထမဦးဆုံးရောက်လာတဲ့ အမေရိကန်ကောင်စစ်ဝန်ချုပ်တောင်ဆဲင်ဟဲရစ်စ် အတွက် အသားရဖို့စီစဉ်ပေးတဲ့အနေနဲ့ (ဒီ)ကို ပေါ်ခဲ့(သတ်ခဲ့)တာ ဖြစ်တယ်၊ ပြီးတော့ . . . အသားမစားရန် တားမြစ်ထားတဲ့ ဗုဒ္ဓဘာသာ (တရားတော်) သက်ဝင်ယုံကြည်မှုကို ဂျပန်တို့ရဲ့ ပထမဦးဆုံးအကြိမ် ချိုးဖောက်မှုလည်း ဖြစ်ပါတယ်။

www.burmeseclassic.com

www.burmeseclassic.com



# JOHANN TENNHART
## (1661-1720)

**JOHANN TENNHART (1661-1720) OF WEISSENFELS, GERMANY, WAS A HIGHLY SUCCESSFUL WIGMAKER AND A PREACHER -AND HIS SERMONS ALWAYS DENOUNCED THE WEARING OF WIGS.**

## ဂျိုဟန်း တဲင်းန်ဟတ်
## (၁၆၆၁-၁၇၂၀)

ဂျာမနီနိုင်ငံ ဝက်စ်စဲင်ဖဲလ်မှ ဂျိုဟန်းတဲင်းန် ဟတ် (၁၆၆၁-၁၇၂၀)ဟာ အလွန်အမင်းအောင်မြင်တဲ့ ဆံပင်တုလုပ်သူ တစ်ယောက်ဖြစ်တယ်၊ ပြီးတော့ သူက တရားဟောဆရာတစ်ယောက်လည်း ဖြစ်တယ်။ ဒါပေမဲ့ သူရဲ့ဟောကြားတဲ့တရားတော်တွေကတော့ ဆံပင်တုတွေ ဝတ်ဆင်မှုကို အမြဲတမ်းရှုတ်ချတယ်။




www.burmeseclassic.com

www.burmeseclassic.com



## NEW SET OF TEETH AT THE AGE OF 60

**JOHN LOWELL** (1812-1900) OF CORNW-ALL, VERMONT, FATHER OF 17 CHILDREN GREW A NEW SET OF TEETH **AT THE AGE OF 60.**

## အသက်(၆၀)မှာ သွားအသစ်တစ်စုံ ပြန်ပေါက်သူ

ဗားမောင့်-ကွန်းဝေါမှ ဂျွန်လိုဝယ်(၁၈၁၂-၁၉၀၀)ဟာ သားသမီး(၁၇)ယောက်ရဲ့ဖခင်ဖြစ်တယ်၊ သူ့အသက်(၆၀)အရွယ်မှာ သွားအသစ်တစ်စုံ ပြန်ပေါက်လာတယ်။




* * *


www.burmeseclassic.com

www.burmeseclassic.com



## A LIFELONG VOW OF SILENCE

This fakir appeared at Ripley's Odditorium in 1933. He had taken a lifelong vow of silence and had placed a skewer through his tongue to prevent himself from talking.



## တစ်သက်တာပတ်လုံး စကားမပြောဘူးဆိုတဲ့ အဓိဋ္ဌာန်

ဒီသူတော်စင်ကြီး ဖကီးရ်ကြီးကို ၁၉၃၃ခုနှစ်က ရစ်ပလေ၏ ပြခန်းမှာ မြင်တွေ့ခဲ့ရပါတယ်။ သူက တစ်သက်တာပတ်လုံးစကားမပြောဘူးဆိုတဲ့ အဓိဋ္ဌာန်နဲ့ ဝစီပိတ်ကံကို ဆောင်ထားတယ်။ ဒါကြောင့် သူ့ကိုယ်သူ စကားမပြောဖြစ်အောင် ကာကွယ်တားဆီးတဲ့ အနေနဲ့ သူ့လျှာကို တံစို့တစ်ခုနဲ့ဖောက်ထားပါတယ်။

www.burmeseclassic.com

www.burmeseclassic.com


## PRINCE SUVAROV
## (1729- 1800)

**PRINCE SUVAROV** (1729-1800) WAS A COMMANDING GENERAL OF ALLIED FORCES AGAINST NAPOLEON, YET HE ALWAYS ATE DINNER AT 8 A.M., SPENDING 4 HOURS AT THE MORNING MEAL, THEN SLEPT UNTIL 6 P.M., AROSE ONLY TO EAT BREAKFAST AND SLEPT AGAIN UNTIL LUNCHTIME AT 3 A.M.



PRINCE SUVAROV

## မင်းသား ဆူဗာရော့ဗ်
## (၁၇၂၉-၁၈၀၀)

မင်းသားဆူဗာရော့ဗ်(၁၇၂၉-၁၈၀၀)ဟာ နပိုလီယံကို ဆန့်ကျင်တိုက်ခိုက်နေတဲ့ မဟာမိတ်တပ်ဖွဲ့တွေရဲ့ဩဇာရှိ ဗိုလ်ချုပ်ကြီးတစ်ဦးဖြစ်ပါတယ်။ ဒါပေမဲ့ . . . သူက ညစာကို အမြဲတမ်း (၈)နာရီမှာစားတယ်၊ နံနက် စာ အစားအသောက်အတွက် (၄)နာရီလောက် အချိန် (ဖြုန်းတီး)အသုံးချတယ်။ အဲဒီနောက် ညနေ(၆)နာရီ မထိုးမချင်းအိပ်တယ်။ မနက်စာစားဖို့ အတွက်ပဲထတယ်၊ ပြီးတော့ နေ့လယ်စာစားချိန်(၃)နာရီ ထိ ပြန်အိပ်တယ်။

www.burmeseclassic.com

www.burmeseclassic.com



## THE KING WHO PLANNED TO INTRODUCE THE USE OF PAPER MONEY

**KING KANDJATU** OF PERSIA WHO RULED FROM 1291 TO 1295 WAS DEPOSED AND STRANGLED BY HIS SUBJECTS BECAUSE **HE PLANNED TO INTRODUCE THE USE OF PAPER MONEY.**

## ငွေစက္ကူကို စတင်အသုံးပြုရန် စီစဉ်ခဲ့သောဘုရင်

ပါရှားပြည်မှာ ၁၂၉၁ မှ ၁၂၉၅ ထိ စိုးစံခဲ့တဲ့ **ကန်ဂျာတူးဘုရင်ဟာ** သူ့ရဲ့တိုင်းသူပြည်သားတွေရဲ့ နှန်းချပြီး လည်မျိုညှစ်သတ်ခြင်းကို ခံခဲ့ရပါတယ်။ ဘာကြောင့်ဆို သူက ငွေစက္ကူကိုစတင်အသုံးပြုဖို့ စီစဉ်ခဲ့တဲ့အတွက် ဖြစ်ပါတယ်။



***

www.burmeseclassic.com

www.burmeseclassic.com



## 275 BANKERS WERE HANGED

**275 BANKERS** WERE HANGED IN LONDON, ENGLAND IN THE YEAR 1278 **FOR THE CRIME OF DEALING IN FOREIGN EXCHANGE.**

## ဘဏ်လုပ်ငန်းရှင် ၂၇၅ ဦး ကြိုးဒဏ်ပေး သတ်ဖြတ်ခြင်းခံရ

၁၂၇၈ခုနှစ်က အင်္ဂလန်နိုင်ငံ လန်ဒန်မြို့မှာ ဘဏ် လုပ်ငန်းရှင်(၂၇၅)ဦး ကြိုးဒဏ်(သေဒဏ်)ပေးပြီး သတ် ဖြတ်ခြင်းခံခဲ့ရပါတယ်။ နိုင်ငံခြားငွေကြေးကို အသုံးပြုပြီး ကုန်ကူးသန်းရောင်းဝယ်မှုပြုမိတဲ့ ရာဇဝတ် မှုပြစ်ဒဏ်အတွက် သေဒဏ်ကျခံ - ကြိုးဒဏ်ပေးခံခဲ့ရ တာဖြစ်ပါတယ်။




www.burmeseclassic.com

www.burmeseclassic.com



## THE GIRL WHO BECAME A TEACHER AT THE AGE OF 14

ADDIE THORNTON ELWELL (1848-1944) BECAME A PUBLIC SCHOOL TEACHER IN WELLSVILLE, N.Y., AT THE AGE OF **14 BEFORE SHE HERSELF HAD GRADUATED HIGH SCHOOL.**



## အသက်(၁၄)နှစ်မှာ ကျောင်းဆရာမ ဖြစ်လာသူ

အဏ်ဒီ သော်တန် အဲလ်ဝဲ(၁၈၄၈-၁၉၄၄)ဟာ အသက် (၁၄)နှစ်အရွယ်မှာ နယူးယောက်မြို့ ဝဲလ်စ်ဗီလီ အစိုးရအထက်တန်းကျောင်းတစ်ကျောင်းမှာ ကျောင်းဆရာမတစ်ယောက် ဖြစ်လာခဲ့ပါတယ်။ သူ(မ) ကိုယ်တိုင် အထက်တန်းကျောင်း ကျောင်းထွက်လက်မှတ် မရသေးမီ (ဆရာမအဖြစ်ခန့်အပ်ခြင်းခံခဲ့ရတာ) ဖြစ်ပါတယ်။

* * *

www.burmeseclassic.com

www.burmeseclassic.com

# LEO TOLSTOY
# WAR AND PEACE

# စစ်နှင့်ငြိမ်းချမ်းရေး

## မောင်သိန်းလှိုင်



စာမူခွင့်ပြုချက် - (၁၂၈၈/ ၂၀၀၄)(၁၁)

www.burmeseclassic.com